# အရက်/မူးယစ်ဆေးသုံးစွဲထားသည့် ယာဉ်မောင်း ပြန်လည်ထူထောင်ရေးပရိုဂရမ်

**မတ်လ 2024**

## အယူခံဝင်မှု လုပ်ငန်းစဉ်

IDRP တွင်ပါဝင်သူသည် IDPR အကဲဖြတ်သူ သို့မဟုတ် IDRP ဆရာဝန်၏ ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သော်လည်း ပါဝင်သူများသည် (အနည်းဆုံး ကုသမှုခံယူချိန် အရေအတွက်နှင့် သီတင်းပတ်အရေအတွက်အပါအဝင်) IDRP အုပ်ချုပ်မှုရေးရာစည်းမျဉ်းတွင်ပါဝင်သည့် IDRP နှင့်ပတ်သက်သော မည်သည့်အစိတ်အပိုင်းကိုမဆို အယူခံဝင်၍မရပါ။

ပါဝင်သူများသည် အယူခံကို စာတိုက်မှတစ်ဆင့်ဖြစ်စေ (280 State Drive NOB 2 North Waterbury, VT 05671-8340)၊ ဖက်စ်ဖြင့်ဖြစ်စေ (1-866-272-7989) သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ (AHS.VDHIDRP@vermont.gov) ပေးပို့နိုင်သည် သို့မဟုတ် တရားမမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ Vermont စည်းမျဉ်းများ၏ စည်းမျဉ်းအမှတ် 75 နှင့်အညီ အထက်တရားရုံးတွင် ဆုံးဖြတ်ချက်ကို ပြန်သုံးသပ်ပေးရန် တောင်းဆိုနိုင်သည်။ အယူခံတွင် ပါဝင်ရမည့်အရာများ-

- ပါဝင်သူအမည်
- ပါဝင်သူ၏ မွေးနေ့
- DMV လိုင်စင်နံပါတ်
- IDRP ပညာရေးကိစ္စများ ဆောင်ရွက်ရာနေရာ
- IDRP အကဲဖြတ်သူအမည်
- IDRP ဆေးခန်းအမည်
- အဖြစ်အပျက် သို့မဟုတ် အယူခံဝင်ရသည့် အကြောင်းရင်းအား ဖော်ပြချက်
- ပါဝင်သူ၏ IDRP ဆရာဝန်၊ IDRP ဆေးဘက်ဆိုင်ရာ အကဲဖြတ်သူ နှင့်/သို့မဟုတ် အယူခံနှင့် သက်ဆိုင်လိမ့်မည်ဟု ပါဝင်သူက ဆုံးဖြတ်ထားသည့် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြောဆိုဆွေးနွေးရန် လျှို့ဝှက်အချက်အလက်များအား ဖြန့်ချိခွင့်။

IDRP ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိသူက အယူခံလွှာနှင့် အခြား အတူပါရှိသည့်အကြောင်းအရာများ သို့မဟုတ် စာရွက်စာတမ်းများကို ပြန်သုံးသပ်ခြင်း၊ တောင်းဆိုချက်ကို IDRP အကဲဖြတ်သူနှင့်အတူ ဆွေးနွေးခြင်း၊ ရယူထားသော ဆက်စပ်အချက်အလက်အားလုံးကို ပြန်သုံးသပ်ခြင်း၊ အကြံပြုထားသည့် ကုသမှုအတိုင်း ဆက်လုပ်သင့်၊ မသင့် ဆုံးဖြတ်ရန် DSU ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုဒါရိုက်တာနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ပါမည်။

ပါဝင်သူများတွင် သက်ဆိုင်ရာပြဿနာဖြစ်ပွားချိန်မှစ၍ အယူခံဝင်ရန် ရက် 60 အချိန်ရှိသည်။ အယူခံလွှာများကို ပြက္ခဒိန် 5 ရက်အတွင်း စာဖြင့်ရေးသား၍ အသိအမှတ်ပြုမည်ဖြစ်သည်။ ယင်းသည်လည်း အယူခံအတွက် တုံ့ပြန်မှုတစ်ခု ဖြစ်နိုင်ပါသည်။ အယူခံကို ဖြေရှင်းပေးရန်အတွက် IDRP တွင် ပြက္ခဒိန်ရက် 90 အချိန်ရှိသည်။

ပါဝင်သူက IDRP ဒါရိုက်တာ၏ ဆုံးဖြတ်ချက်ကို သဘောမတူလျှင် ၎င်းသည် IDRP ဒါရိုက်တာ၏ ဆုံးဖြတ်ချက်ချသည့်ရက်မှ ပြက္ခဒိန်ရက် 60 အတွင်း DSU ဌာနစိတ်ဒါရိုက်တာထံ စာဖြင့် အယူခံဝင်နိုင်ပါသည်။ အယူခံကို ဖြေရှင်းပေးရန်အတွက် DSU ဌာနစိတ်ဒါရိုက်တာတွင် ပြက္ခဒိန်ရက် 90 အချိန်ရှိသည်။

ပါဝင်သူက DSU ဌာနစိတ်ဒါရိုက်တာ၏ ဆုံးဖြတ်ချက်ကို သဘောမတူလျှင် အထက်တရားရုံး၏ ပြစ်မှုမှုဆိုင်ရာဌာနစိတ်က (23 VSA § 1209(e) နှင့်အညီ) ဆုံးဖြတ်ချက် ချပါမည်။

# Impaired Driver Rehabilitation Program
# Appeal Process

March 2024

## Appeal Process

An IDRP participant may appeal the decision of the IDRP Evaluator or IDRP Clinician, however participants cannot appeal any component of the IDRP that is included in the IDRP Administrative Rule (including the minimum number of sessions and weeks for treatment).

Participants may submit the appeal via mail (280 State Drive NOB 2 North Waterbury, VT 05671-8340), fax (1-866-272-7989), or email (AHS.VDHIDRP@vermont.gov) or seek review of the decision in Superior Court pursuant to Rule 75 of the Vermont Rules of Civil Procedure. The appeal must include:

- Participant name
- Participant date of birth
- DMV License number
- IDRP Education component location
- IDRP Evaluator name
- IDRP Clinician name
- Description of incident or reason for appeal
- Release of Confidential Information to speak with the participant's IDRP Clinician, IDRP Clinical Evaluator, and/or other person or organization that the participant determines would be applicable to the appeal.

The IDRP Director or designee will review the appeal and any accompanying materials or documents, discuss the request with the IDRP Evaluator, review any other pertinent information obtained, and consult the DSU Clinical Services Director to decide whether to uphold the treatment recommendation.

Participants have 60 days from the pertinent issue to file an appeal. Appeals will be acknowledged in writing within 5 calendar days—this may also be a response to the appeal. IDRP has 90 calendar days to address the appeal.

If the participant disagrees with the IDRP Director decision, they may appeal in writing to the DSU Division Director within 60 calendar days from the IDRP Director decision. The DSU Division Director has 90 calendar days to address the appeal.

If the participant disagrees with the DSU Division Director, the Criminal Division of the Superior Court (in accordance with 23 VSA § 1209(e)) will make a determination.